# ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု

## ကရင်ပြည်နယ်၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှု အကျဉ်းချုပ်


UNDP
Empowered lives.
Resilient nations.

### နောက်ခံအကြောင်းအရာ


ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုကို ကရင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ်၌ ပြုလုပ်ခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သည့် ဒေသန္တရ အုပ်ချုပ်ရေး လေ့လာသုံးသပ်မှု၏ အစိတ်အပိုင်းအဖြစ် ဤလေ့လာသုံးသပ်မှုကို UNDP က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ပြည်ထဲရေးဝန်ကြီးဌာန)နှင့် အတူအကွဆောင်ရွက်ခဲ့သည်။ နည်းစနစ်သုံးသပ်မှုအတွက် “Fast Fact:၊ မြန်မာနိုင်ငံ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှု တွင်ကြည့်ပါ။

ကရင်ပြည်နယ်လေ့လာမှုသည် လှိုင်းဘွဲ့၊ ကော့ကရိတ်နှင့် ဘားအံမြို့နယ်များရှိ ပြည်သူများ၊ ဝန်ဆောင်မှုပေးသူများ၊ ကော်မတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် ဒေသန္တရအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကို ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများပေးခြင်းတို့နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများကို လွှမ်းခြုံမိပါသည်။

ပြည်သူ ၃၀၀၊ ဝန်ဆောင်မှုပေးသူနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ၁၀၀ ခန့်တို့က ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် ပြည်သူအများပါဝင်မှု၊ အခြေခံဝန်ဆောင်မှုများ (အထူးသဖြင့် မူလတန်းပညာရေး၊ အခြေခံကျန်းမာရေးဆောင်ရွက်မှုနှင့် သောက်သုံးရေ) ရရှိမှုနှင့် သတင်းအချက်အလက်ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊တာဝန်ခံမှုတို့နှင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် အမြင်များကို မျှဝေပေးခဲ့ကြသည်။ ဤတင်ပြချက်စာစောင်တွင် အဓိကရှာဖွေတွေ့ရှိချက်များနှင့် ကရင်ပြည်နယ်အတွင်းရှိ ပါဝင်ဆောင်ရွက်သူများ (stakeholders)က အကြံပြုထားသော ဆောင်ရွက်ရန် လုပ်ငန်းများ၏ ကနဦးစတင်ဆောင်ရွက်နိုင်ခြေရှိသည်များကိုပါ တင်ပြထားပါသည်။




ရင်းမြစ်။ MIMU





### လူမှုစီးပွားရေးအကြောင်းအရာများ

ကရင်ပြည်နယ်ရှိ ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေနှင့် သန့်ရှင်းရေး အခြေအနေများသည် နိုင်ငံ၏ အခြားဒေသအစိတ်အပိုင်းများနှင့် အဆင့်အတန်းတူညီပြီး ရှေ့သို့ပင် ရောက်ရှိနေသည်။ သို့ရာတွင် ကာလရှည်ကြာသော ပဋိပက္ခကြောင့် လူမှုရေးအခြေခံအဆောက်အဦသည် ဖွံ့ဖြိုးမှုနောက်ကျနေပြီး ပို၍ဝေးလံသော ကျေးရွာအများစုကို ထိခိုက်နေပေသည်။

Supported by : From the People of Japan   SWEDEN   DANIDA   UNDP Empowered lives. Resilient nations.

ကရင်ပြည်နယ်၏ စီးပွားရေးသည် အဓိကသီးနှံများဖြစ်သော စပါး၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ကော်ဖီနှင့် လက်ဖက်တို့ စိုက်ပျိုးရေးလုပ်ငန်းပေါ်တွင် အခိုင်အမာ မှီခိုနေရသည်။ အထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံ မဲဆောက်မြို့နှင့် မြန်မာနိုင်ငံ မြဝတီမြို့နယ် စပ်တွင် တည်ထောင်လျက်ရှိပြီး ၂၀၁၂ ခုနှစ်တွင် မြို့တော်ဘားအံသည် စက်မှုဇုန်ဖြစ်လာခဲ့သည်။ အထည်ချုပ်စက်ရုံကို အထူးသဖြင့် ဘားအံတွင် တိုးချဲ့လျက်ရှိသည်။ သို့ရာတွင် အမျိုးသမီးလုပ်သားများ ပါဝင်ဆောင်ရွက်မှု ကျဆင်းလျက်ရှိ သည်။

## ဘေးကင်းလုံခြုံရေး





မြန်မာနိုင်ငံအစိုးရနှင့် ကရင်အမျိုးသားသမဂ္ဂ (KNU)တို့အကြား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်သည် ကရင်ပြည်နယ်ရှိ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို တိုးတက်စေခဲ့ပြီးဖြေကြားသူများ ၈၈% ကငင်းတို့၏ကျေးရွာအုပ်စု ရပ်ကွက်တွင် ဘေးကင်းလုံခြုံ သည်ဟု ခံစားရကြောင်း ပြောကြားခဲ့ပြီး ထက်ဝက်ကျော် (၅၅%) က လုံခြုံ ရေးအခြေအနေတိုးတက်လာသည်ဟု ပြောကြားသည်။

## ရပ်ရွာအဆင့်တွင် တွေ့ရှိရသော တိုးတက်မှုများ

### ကရင်တွင် ပြည်သူများရှုမြင်သည့် တိုးတက်မှုများ


ပညာရေးတိုးတက်မှု - ၂၈%
လမ်းများကောင်းမွန်မှု - ၂၃%
ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်မှု - ၉%
ထူးခြားသောတိုးတက်မှုမရှိပါ - ၄၃%

မြို့နယ်ကော်မတီများနှင့် CSO များ၏ ကိုယ်စားလှယ်များက အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကတိပြုမှု၊ လွတ်လပ်စွာ ပြောဆိုခွင့်တိုးတက်ရေးနှင့် အစိုးရ၏ ၎င်းတို့၏ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်၍သတင်းအချက်အလက်မျှဝေရေးတွင် ပွင့်လင်းမှုနှင့် ပြည်သူများပါဝင်ဆောင်ရွက်စေမှု တို့ကိုအသိအမှတ်ပြု လက်ခံကြသည်။




## ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းနှင့် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

| | ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေ (PRF) USD ထောင်ပေါင်း | ပြည်သူ့လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ (CDF) USD ထောင်ပေါင်း | နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေ USD ထောင်ပေါင်း | GAD ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ USD ထောင်ပေါင်း |
|---|---|---|---|---|
| လှိုင်းဘွဲ့ | ၂၄၆ | ၁၀၀ | ၆၃၉၂ | ၃.၅ |
| ဘားအံ | ၂၂၂ | ၁၀၀ | ၆၉၁ | - |
| ကော့ကရိတ် | ၁၇၉ | ၁၀၀ | ၁၁၈၀ | - |




ဘားအံသည် အခြားမြို့နယ်များ ထက် ပို၍ လူဦးရေပိုမိုများပြားသဖြင့် ဘားအံတွင် တစ်ဦးချင်းစီရရှိသော ရန်ပုံငွေ ပမာဏ သည် အခြားမြို့နယ်များက ရရှိသောပမာဏထက် များစွာနည်းသည်။

## ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ (TDSC)

ကရင်ပြည်နယ်တွင် စီမံကိန်းများသတ်မှတ် ရာတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ သည် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိ နေသည်။ စီမံကိန်းအဆိုပြုချက်များ ကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြု ကော်မတီတို့ပေါင်းစပ် အစည်းအဝေးများတွင် တင်ပြပြီး မြို့နယ် အုပ်ချုပ်ရေးမှူးက ဦးစားပေး ရွေးချယ်မှုများ ပြုလုပ်သည်။

TDSC အဖွဲ့ဝင်တစ်ဦးအား တွေ့ဆုံမေးမြန်း ရာတွင် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ဘတ်ဂျက်များအကြောင်းကို မသိသော ကြောင့် ဦးစားပေးရွေးချယ်မှု မပြုလုပ်နိုင် ခြင်းဖြစ်သည် ဟု ဖြေကြားသည်။

## မြို့နယ်စည်ပင်သာယာရေး ကော်မတီ (TMAC) နှင့် စည်ပင်သာယာရေးအဖွဲ့ (DMA)

မြို့နယ် ၃ ခု၌ စည်ပင်သာယာရေးလုပ်ငန်း များသည် မြို့တွင်းလမ်းများထိန်းသိမ်းပြုပြင် ရေးနှင့် အခြားကိစ္စများကိုသာ အလေးထားကြပြီး အဓိကလိုအပ်ချက်အဖြစ် လုံလောက်သောသောက်သုံးရေဖြန့်ဖြူးရေး ကို အလေးမပေးကြပေ။

TMAC နှင့် DMA များသည် လိုင်စင် (စားသောက်ဆိုင်များ)၊ အခွန် (အဆောက် အဦး၊ ယာဉ်များ၊ ရေဖြန့်ဖြူးရေး) သို့မဟုတ် အခကြေးငွေ (အမှိုက်သိမ်းခြင်း) တို့မှတစ် ဆင့် ဝင်ငွေများတိုးတက်ရရှိသည်။

## မြို့နယ်စီမံခန့်ခွဲမှုကော်မတီ (TMC)

ကရင်ပြည်နယ်ရှိ TMC များသည် ကရင် ပြည်နယ်၏လုံခြုံရေးအခြေအနေများကြောင့် ဖွံ့ဖြိုးရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ထက် မြို့နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်း ရေးနှင့် လုံခြုံရေးတို့ကိုသာ အာရုံစိုက်ကြ သည်။

ကရင်ပြည်နယ်ရှိမြို့နယ် ၃ ခုတွင် တောင်းဆို သော ဘတ်ဂျက် သို့မဟုတ် အတည်ပြုသော ဘတ်ဂျက်များကို ဌာနဆိုင်ရာ အကြီးအကဲ အစည်းအဝေး၌ လည်းကောင်း၊ အမျိုးမျိုး သော အထောက်အကူပြု ကော်မတီများနှင့် လည်းကောင်း မည်သည့်မြို့နယ်တွင်မျှ ဆွေးနွေးခြင်းမရှိပေ။

"အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဒေသခံပြည်သူများ၏ ဆန္ဒများနှင့် ပိုမို ကိုက်ညီလာသော်လည်း ဆုံးဖြတ်ချက် ချမှတ်မှုတွင် ပြည်သူများ၏ ပါဝင်မှု အလွန်နည်းပါးသည်။"

ရပ်ရွာလူထုဆွေးနွေးပွဲမှ ပြည်သူတို့ပြောကြားချက်




ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်သော အစည်းအဝေးများသို့ပြည်သူများဖိတ်ကြားခံရမှု


စုစုပေါင်း ကျား မ

မြို့နယ်ကော်မတီများတွင် ပြည်သူလူထု ကိုယ်စားလှယ်များ၏ (ရပ်မိရပ်ဖနှင့် အများကြည်ညိုလေးစားသူ) အရေအတွက် များသော်လည်း ၎င်းတို့သည်အဓိကအားဖြင့် မြို့ပေါ်ရပ်ကွက်နယ်မြေများ မှဖြစ်ကာ ကျေးလက်ဒေသများမှ အမြင်များ အကန့်အသတ် ရှိနေသည်။

# အခြေခံဝန်ဆောင်မှုများပေးခြင်း

သင်၏ကျေးရွာအုပ်စု၊ ရပ်ကွက်တွင် လွန်ခဲ့သော ၃ နှစ်အတွင်း မူလတန်းပညာရေးတိုးတက်ခဲ့ပါသလား။

တိုးတက်သည်ဟု ယူဆမှုအတွက် အဓိက အကြောင်းများ - ကျောင်းအဆောက်အဦးသစ် သို့မဟုတ် တိုးတက်သော အဆောက် အဦး (၈၄%)




## အခြေခံပညာရေးလိုအပ်ချက်

ဖြေဆိုသူများ၏ ၇၈% က လွန်ခဲ့သည့် ၃ နှစ်တာ ကာလအတွင်း ပညာရေး ကဏ္ဍတွင် တိုးတက်မှုများရှိလာသည်ဟု ရှုမြင်ပြီး ၈၂% သော မူလတန်းကျောင်းသားမိဘများက ပညာရေးဝန်ဆောင်မှုနှင့် ပတ်သက်၍ စိတ်ကျေနပ်မှုရှိသည်ဟု ဆိုသည်။

ဆရာ၊ ဆရာမများက ၎င်းတို့သည် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာသည်ဟု ယုံကြည်ပြီး မိဘများ၏ မကျေနပ်မှုအတွက် တင်ပြတိုင်ကြားလာမှုများအပေါ် အလေးထား ကိုင်တွယ် ဆောင်ရွက်သည်ဟု ဆိုသည်။

မြို့နယ်ပညာရေးမှူး အနေဖြင့် ဝန်ထမ်းအင်အားမလုံလောက်မှု ပြဿနာကိုဖြေရှင်းရန် ဒေသတွင်းမှာပင် ဆရာ၊ ဆရာမများခန့် ထားခြင်းကိစ္စမှာ ပိုမို လွယ်ကူလာသည်။ သို့ရာတွင် များသောအားဖြင့် အရည်အသွေးရှိ ကျောင်းဆင်း ဆရာ၊ ဆရာမများ မရရှိပေ။ ၂၀၁၃၊ ၁၄ ပညာသင်နှစ်တွင် လှိုင်းဘွဲ့ မြို့နယ်ပညာရေးမှူး၏ ဝန်ထမ်း ခန့်ထားခြင်းကိစ္စတွင် ကျောင်းဆရာ၊ ဆရာမ အသစ် ၄၀၂ ဦးခန့်ထားခဲ့မှုအနက် ၂၅ ဦးသာ ပညာရေးကောလိပ်ဆင်းဖြစ်ပြီး ကျန် ၃၇၇ မှာ ဒေသတွင်းမှသာ ခန့်ထား ခဲ့ရပေသည်။

## အခြေခံကျန်းမာရေးစောင့်ရှောက်မှု


ကရင်ပြည်နယ်ရှိ ဖြေကြားသူများ၏ သုံးပုံနှစ်ပုံကအခြေခံကျန်းမာရေး စောင့်ရှောက်မှုအရည်သွေးတွင် တိုးတက်မှုများ ရှိသည်ဟုရှုမြင်ကြပြီး ၅၅% က ကျေနပ်ကြသည်။

ဖြေကြားသူများ၏ ၉၆% က ကျန်းမာရေးဝန်ဆောင်မှုတွင် တန်းတူညီမျှ ကုသခံရသည်ဟု ထင်မြင်ကြသည်။


ဖြေကြားသူများ၏ ၅၆% က မရှိမဖြစ်လိုအပ်ဆုံး ဆေးဝါးများကို အခမဲ့ ဖြန့်ဝေသင့်သော်လည်း အစိုးရကျန်းမာရေးဌာနတွင် ဆေးဝါးများအတွက် အခကြေးငွေပေးရသည်ဟု ပြောကြားသည်။

မြို့နယ်တစ်ခုတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး (TMO) က "TMC အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် TDSC နှင့် ကျန်းမာရေးကိစ္စ များကို ဆွေးနွေးခြင်းသည် သူ့အတွက် အသုံးမဝင်ပါ။ အကြောင်းမှု သူသည် ၎င်းတို့၏အခက်အခဲ၊ ကိစ္စများကို မည်သို့မျှ တုံ့ပြန်ဆောင်ရွက်ပေးနိုင်သော အခြေအနေတွင်မရှိ၍ ဖြစ်သည်"ဟု ပြောကြားသည်။

သင်၏ကျေးရွာအုပ်စု ရပ်ကွက်တွင် လွန်ခဲ့သော ၃ နှစ်အတွင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ပါသလား။




သင်၏ကျေးရွာအုပ်စု၊ ရပ်ကွက်တွင် လွန်ခဲ့သော ၃ နှစ်အတွင်း သန့်ရှင်းသောသောက်သုံးရေရရှိမှု တိုးတက်ခဲ့ပါသလား။





## ရေဖြန့်ဖြူးမှု

ဖြေကြားသူများ၏ ၃၁% ကသာ သောက်ရေဖြန့်ဖြူးမှု တိုးတက်သည်ဟု ယူဆကြသည်။
ဖြေကြားသူများ၏ ၁% ကသာ ရေရရှိမှုနှင့်ပတ်သက်သော ကိစများအတွက် ဆွေးနွေးရန်အစိုးရတာဝန်ရှိသူများကပြု လုပ်သောအစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့သည် ဟုဆိုသည်။

# သတင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု

အစိုးရထံမှ ဥပဒေသစ်များ သို့မဟုတ် ညွှန်ကြားချက်အသစ်များကို သင်မည်ကဲ့သို့ လေ့လာသိရှိပါသနည်း။




ဆယ်အိမ်မှူး/ရာအိမ်မှူးများသည်
အဓိကသတင်းဖြန့်ဝေသူများဖြစ်ပုံရသည်။

## သတင်းဖြန့်ဝေပေးမှုနှင့် ပတ်သက်၍ ရှုမြင်မှုကွာဟချက်




အားလုံးသော ရပ်ကွက်၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး (VTA) ၆ ဦးလုံး (၁၀၀%) က မြို့နယ်အုပ်ချုပ်ရေးဌာနသည်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများဆိုင်ရာ လုံလောက်သော သတင်းများကို ဖြည့်ဆည်းပေးသည်ဟုဆိုစဉ် ပြည်သူ ၂၉% (ဖြေဆိုသူ ၂၈၈အနက်) ကသာ ယင်းအချက်ကို လက်ခံသည်။ ထိုသို့သော သိမြင်မှုကွာဟချက် သည် VTA ထံမှသတင်းများအား ဆယ်အိမ်မှူးများကသာ ပြည်သူများကို ဖြန့်ဝေပေးလေ့ရှိသောကြောင့် ဖြစ်ဖွယ်ရှိသည်။

### အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်မှုများ

ကရင်ပြည်နယ်ရှိ CSOs နှင့် NGOs များသည် မြို့နယ်အုပ်ချုပ်ရေးဌာနက အဂတိလိုက်စားမှုကို ဟန့်တားရန် ပိုမိုခိုင်မာသော အားထုတ်မှုများအား မြင်တွေ့လိုကြသည်။

ကရင်ပြည်နယ်ရှိ COSs များသည် ပေါ်ပေါက်လာသောအုပ်ချုပ်ရေးအဝန်းအဝိုင်းအသစ်နှင့် ပတ်သက်၍ ဆန့်ကျင်ဘက်စိတ်နှစ်ခွဖြစ်နေကြသည်။ တစ်ဖက်တွင် ၎င်းတို့သည် CSOs အုပ်စုအဖြစ် လုပ်ငန်းများညှိနှိုင်းရေးနှင့်အကျိုးစီးပွားကိစ္စများဆွေးနွေးရေးအတွက် မြို့နယ်အုပ်ချုပ်ရေးအပိုင်းနှင့် တွေ့ဆုံလိုကြသည်။ အခြားတစ်ဖက်တွင်လည်း ထိုသို့သော စဦးတွေ့ဆုံမှုမျိုးကို အစိုးရက မည်သို့ တုံ့ပြန်မည်ကို မသိသောကြောင့် တွေ့ဆုံရန် မဝံ့မရဲဖြစ်နေကြသည်။

# ရပ်ရွာလူထုဆွေးနွေးပွဲ



ရပ်ရွာလူထု ဆွေးနွေးပွဲများတွင် ရပ်ရွာရှိ အမျိုးမျိုးသော အုပ်စုများဖြစ်သည့် အမျိုးသမီးများ၊ လူငယ်များနှင့် ရပ်မိရပ်ဖများအပါအဝင် ဒေသန္တရဝန်ဆောင်မှု ပေးသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့သည် ဒေသန္တရအုပ်ချုပ်ရေး နှင့်ဝန်ဆောင်မှုပေးသည့် ကိစ္စများတွင် အဓိက အခက်အခဲပြဿနာများကို ဆွေးနွေးကြသည်။ ဥပမာ - ရပ်ရွာတစ်ခုတွင် ဖွံ့ဖြိုးရေးစီမံကိန်း သတင်းများကို ရပ်ရွာဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီမှတစ်ဆင့် ရပ်ရွာလူထုသို့ ဖြန့်ဖြူးရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကတိပြုခဲ့သည်။ အချိန်ကျရောက်လာလျှင် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ ပြုကော်မတီဝင်များ ရွေးချယ်တင်မြှောက်ရန် ရပ်ရွာလူထုသို့ ထိထိရောက်ရောက် အကြောင်းကြားပေးမည်ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကတိပြုခဲ့သည်။ အခြားရပ်ရွာတစ်ခုတွင် မကျန်းမာမှုများနှင့် ရောဂါဖြစ်ပွားမှုလျှော့ချရန် ရပ်ရွာရှိပြည်သူများ ပါဝင်သောကျန်းမာရေးအထောက်အကူပြုအဖွဲ့ဖွဲ့စည်းရေးကို ကျန်းမာရေးဝန်ထမ်းများက အဆိုပြုခဲ့သည်။

## တိုင်းဒေသကြီးအဆင့် ထောက်ခံတင်ပြချက်များ

ရပ်ရွာလူထု အဓိကလိုအပ်ချက်များနှင့်ကိုက်ညီသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ရင်းနှီးမြုပ်နှံမှုများကို ဦးစားပေးရန်။ ဒေသလိုအပ်ချက်များနှင့် ဦးစားပေးမှုများကို တုံ့ပြန်ဖြေရှင်းဆောင်ရွက်သည့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၏ စွမ်းရည်မြှင့်တင်ရန်။ ဥပမာ၊ သန့်ရှင်းသောရေရရှိရေးဆောင်ရွက်မှု။




ကရင်ပြည်နယ်လေ့လာမှုကြားဖြတ်တွေ့ရှိချက်များ မျှဝေသည့် ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများက ပြုပြင်ပြောင်းလဲရေးအတွက် ထောက်ခံတင်ပြချက်များ ပေးခဲ့ကြသည်။

ဖွံ့ဖြိုးရေးစီမံကိန်းသတင်းအချက်အလက်များကို ကြော်ငြာသင်ပုန်းနှင့် လက်ကမ်းစာစောင်များအသုံးပြု၍ ပြည်သူလူထုရရှိအောင် ဆောင်ရွက်ရန်။ ထို့ပြင် ပြည်သူ့ဘတ်ဂျတ်အသုံးစရိတ်များအကြောင်း သတင်းမျှဝေဖြန့်ဖြူးရေးအတွက် အစည်းအဝေးများ ကျင်းပရန်။

ဆုံးဖြတ်ချက်ချမှတ်ရေးတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုခိုင်မာစေသော လုပ်ငန်းများဆောင်ရွက်ရန်။ကော်မတီအဖွဲ့ဝင်ဖြစ်မှုအတွက် ခွဲတမ်း။အချိုးကို သတ်မှတ်ရန်နှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရေးကို တက်ကြွစွာ အားပေးထောက် ခံရန်။

## သုံးသပ်ချက်များ

- ကရင်ပြည်နယ်၏ ဦးစားပေးစီမံကိန်းများရွေးချယ်ခြင်း နှင့် စောင့်ကြည့်ထိန်းကျောင်းခြင်းတို့တွင် TDSC ၏ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးနှင့် ယင်း၏ အခန်းကဏ္ဍအား ဖြည်းဖြည်းချင်းတိုးချဲ့ရေးကို ထည့်သွင်းစဉ်းစားနိုင်သည်။
- ဖြေကြားသူများ၏ ထက်ဝက်နီးပါးသည် ဝန်ဆောင်မှုဖြန့်ဖြူးရေးတွင် မည်သည့် တိုးတက်မှုများမှ မသိရှိရပါ။ ဖော်ပြခဲ့သောပြည်သူလူထု၏ လိုအပ်ချက်များနှင့် ပြဿနာများသည် မြို့နယ်များတစ်လျှောက် သိသာစွာ ကွဲပြားလေ့ရှိပြီး ယင်းတို့ ကို ပြည်သူလူထုဇဟိုပြုမှုနှင့် ကိုက်ညီစေရန် လွှမ်းခြုံသော အစိုးရတုံ့ပြန်မှုများနှင့် သီးခြားဖြေရှင်းဆောင်ရွက်မှုများ လိုအပ်သည်။
- ကျန်းမာရေးနှင့် ဝန်ဆောင်မှုပေးသူနှင့် ပြည်သူလူထု၏ ဘက်နှစ်ဘက်စလုံးနှင့် ပတ်သက်၍ ရှင်းလင်းစွာ နားလည်သဘော ပေါက်မှုနည်းပါသည်။ ဥပမာ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များ ဖြန့်ဝေးရေးနှင့် ပတ်သက်သော လုပ်ကိုင်ဆောင်ရွက်မှုစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတိကျစွာ ဖော်ပြခြင်းမရှိပါ။ ပြည်သူလူထု၏ ယုံကြည်မှုပျက်ပြားခြင်းမှ ရှောင်ကြည်ရန်နှင့် အခြေခံဝန်ဆောင်မှုများ ပေးရာတွင် ထိန်းကျောင်းကြပ်မတ်မရှိသော အဂတိလိုက်စားမှုများကို ကြိုတင်ကာကွယ်ရန်အတွက် ဤလိုအပ်ချက်များကိုဖြေရှင်းဆောင်ရွက်သင့်မည်။
- မြို့နယ်အုပ်ချုပ်ရေးဌာနများသည် CSOs များအား ရှင်းလင်းတိကျစွာ ဖော်ပြရမည့်အပြင် ၎င်းတို့၏ လက်ရှိအခြေအနေများကိုဆွေးနွေးရန်၊ CSO မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော စည်းမျဉ်းများကို ရှင်းပြရန်နှင့် မြို့နယ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် မြို့နယ်အုပ်ချုပ်ရေးပိုင်းနှင့် CSOs တို့ အတူတကွ ဆောင်ရွက်နိုင်သော နည်းလမ်းများကို ရှာဖွေရန် အတွက် CSOs များကို (ပုံမှန်) အစည်းအဝေးများသို့ ဖိတ်ကြားသင့်မည်။



အသေးစိတ်သိရှိလိုပါက "ကရင်ပြည်နယ်၊ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှုအစီရင်ခံစာ"ကို
www.mm.undp.org တွင်ကြည့်ပါ။

UNDP မြန်မာ
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန် ၁၁၂၁၁၊ မြန်မာ
E.mail: Communications.mm@undp.org
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ